# သံလွင်မြစ်ထိန်းသိမ်းကာကွယ်ရေးကွန်ရက်[1]

## ဩဂုတ်လ (၁၈) ရက်၊ ၂၀၁၆ ခုနှစ်

## မြန်မာနိုင်ငံအတွင်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးအလုပ်အဖွဲ့ (HPWG) ဖွဲ့စည်းရေးနှင့်ပတ်သက်ပြီး စိုးရိမ်မှုဖြစ်ရခြင်းအပေါ် သဘောထားထုတ်ပြန်ကြေငြာချက်

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်သူများ အလုပ်မှုဆောင် အဖွဲ့ Hydropower Developers’ Working Group (HDWG) အဖွဲ့ကို ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတကာငွေကြေးအဖွဲ့ International Finance Cooperation (IFC) မှ ဦးစီးပြီး ယနေ့ရန်ကုန်မြို့ တွင်ပြုလုပ်နေသည့် ဆွေးနွေးပွဲနှင့်စပ်လျင်း၍ ကျွန်ုပ်တို့သံလွင်မြစ် ထိန်းသိမ်း ကာကွယ်ရေး ကွန်ရက်အဖွဲ့မှ မိမိတို့၏ စိုးရိမ်မှုများကို လေးနက်စွာ ဖော်ပြလိုပါ သည်။

နိုင်ငံတကာငွေကြေးအဖွဲ့ (IFC) နှင့် တရုတ်ရင်းနှီးမြုပ်နှံသူ အဖွဲ့များစွာက ထောက်ပံ့ကာ ဖွဲ့စည်းသွားမည့် (HDWG) သည် "စီးပွားရေး လုပ်ငန်းလည်ပတ်မှု တိုးတက်ကောင်းမွန်စေရေး တစ်ခုတည်းသာ" အဓိကရည်ရွယ်ပြီး မှားယွင်းစွာ လုပ်ဆောင်နေသည်ကို စိုးရိမ်စွာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ **အနာဂတ်ရေအားလျှပ်စစ် စီမံကိန်းများအတွက် ရည်ရွယ်ပြီး IFC က မဟာဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှုခေါ် Strategic Environmental Assessment (SEA) လုပ်ဆောင်ရန် ကြိုးပမ်းနေမှုအား အကြမ်းအားဖြင့် ဖော်ပြပါရှိ ထားသည်။** ၎င်းသည် စီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်ချေများသည့် အချို့သော သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို ဆန်းစစ်လေ့လာရန် ဖော်ပြထားချက်များ ပါရှိသော်လည်း **ဒေသခံလူထု အကာအကွယ်ရရှိပိုင်ခွင့်နှင့် လေးစားမှုရရှိပိုင်ခွင့်တို့ကို အာမခံနိုင်စေရန်အတွက် လုပ်ဆောင်ရန်လိုအပ် သော ဆန်းစစ်လေ့လာမှု တစ်ခုလုံးနှင့် လူထုတွေ့ဆုံ ညှိနှိုင်းမှုအစီအစဉ်များကို ဖော်ပြထားခြင်းမရှိပါ။**

သို့ဖြစ်ပါ၍ ထိခိုက်မှုအကြို ဆန်းစစ်လေ့လာမှုနှင့်ပတ်သက်ပြီး IFC ကလုပ်ဆောင်ရန် ကြိုးပမ်းမှုသည် စီမံကိန်းကို လက်တွေ့ကျကျ ထိခိုက်မှုနည်းစေပြီး အဖက်ဖက် ရေရှည်တည်တံ့စေသောနည်းဖြင့် မည်သို့လုပ်ဆောင်နိုင်မည်ကို ဆန်းစစ်လေ့လာရန်မဟုတ်ဘဲ **“စီမံကိန်းနေှင့်နှေးကြန့်ကြာမှုနှင့် အကုန်အကျမြင့်မားမှုကို ရှောင်ရှားနိုင်ရန်”** ရည်ရွယ်သည်ဟု တွေ့ရှိပါသည်။

ထို့ကြောင့် မိမိတို့ အဖွဲ့မှ အောက်ပါ သဘောထားများကို ကြေငြာထုတ်ပြန်အပ်ပါသည်။

---

[1] Save the Salween Network is a campaign coalition for Free Flowing Salween River. The working members are from Salween ethnic river basin organizations and the network also stands together with CSOs working on natural resources issues across Myanmar.
Email: savethesalween@gmail.com,
Facebook: https://www.facebook.com/Save-the-Salween-Network-1685498275073019/

(၁) ယခင်ရေအားလျှပ်စစ် စီမံကိန်းများနှင့်အတူ ဒွန်တွဲခဲ့သည့် လူ့အခွင့်အရေးနှင့် ဌာနေတိုင်းရင်းသား အခွင့် အရေးချိုးဖေါက်မှု၊ ၎င်းနှင့်ပတ်သက်ပြီးညံ့ဖျင်းသောမှတ်တမ်းတင်မှု၊ လျော်ကြေး ပေးဆောင်ခြင်း ကွက်ပျက်မှု၊ လူထုအသက်မွေးဝမ်းကြောင်းမှုများ ဖျက်ဆီးခြင်းများကြောင့် ရေအားလျှပ်စစ်စီမံကိန်းအပေါ် ယုံကြည်မှုကင်းမဲ့မှုသည် တိုင်းရင်းသားလူထုအကြား ကြီးမားစွာတည်ရှိနေသည်။ **အစိုးရနှင့် ပြင်ပရင်းနှီး မြှုပ်နှံသူများ၏ ဂတိကဝတ်ပျက်ကွက်မှုများ** ကြောင့်မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းရင်းသား လူထုသည် ခါးသီးသော ထိခိုက်နစ်နာမှုများကို ရင်ဆိုင်ကြရသည်။ ထိုအထဲတွင် အထက်ပေါင်းလောင်း ရေကာတာ သည် ဥပမာတစ်ခုဖြစ်သည်။

(၂) အကယ်၍ အနာဂတ်အစီအစဉ်များတွင် အကြီးစားရေကာတာစီမံကိန်းများကို အားပေးပံ့ပိုးသော အရာများပါရှိလာပါက **လက်ရှိငြိမ်းချမ်းရေး သဘောတူညီချက်နှင့် အပစ်ခတ်ရပ်စဲရေးအပေါ် ဆိုးရွားစွာ ထိခိုက်စေဖြစ်မည်။** ထို့ပြင် သဘာဝပတ်ဝန်းကျင်အပေါ်သာမက အစိုးရ၏ဦးစားပေးမှုကို အဓိကရသင့် ရထိုက်သူပြည်သူများ၏ ဘဝအပေါ် ကြီးမားသောပျက်စီးဆုံးရှုံးမှု များကိုလည်း ဖြစ်ပေါ်စေနိုင်မည်။

(၃) ရေအားလျှပ်စစ်စီမံကိန်းများသည် မြစ်ရေ၏အရည်အသွေးကို ထိခိုက်စေသည်၊ သစ်တောနှင့် စားကျက် မြေများကိုလည်း ဖျက်ဆီးသည်၊ မြစ်ချောင်းထဲရှိ ငါးအရေအတွက်အပေါ်လည်း ဆိုးရွားစွာ အကျိုးသက် ရောက်နိုင်ပြီး အခြားသော မရေတွက်နိုင်သည့် ဆိုးရွားကြီးမားသော ထိခိုက်မှုများကို ဖြစ်ပေါ်စေနိုင်သည်။ ဤထိခိုက်မှုများသည် နောက်ဆုံးတွင် **ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်ကို ထိခိုက်စေသည်။**

(၄) ၎င်းတို့ဖေါ်ပြသည့်အတိုင်း အရှေ့တောင်အာရှ၏အခြားဒေသအတွင်း နည်းမျိုးစုံဖြင့် တည်ဆောက် လည်ပတ်နေသော အလားတူ ရေအားလျှပ်စစ်စီမံကိန်းများ ရှိနိုင်သော်လည်း မြန်မာနိုင်ငံ အစိုးရအနေဖြင့် ယင်းစီမံကိန်းကြီးများကြောင့် **မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံနှင့် ထုံးတမ်းဓလေ့ယဉ်ကျေးမှု စုံလင်စွာရှိလျှက် ရှုပ်ထွေးကြီးမားသော ပဋိပက္ခများ လွယ်ကူစွာဖြစ်ပေါ်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်**ကို အသိအမှတ်ပြုရဖြစ်မည်။

(၅) မြန်မာနိုင်ငံ၏ လက်တွေ့တိုင်းရင်းသားဒေသရှိ **ပဋိပက္ခ** အခြေအနေနှင့် နိုင်ငံရေးအခင်းအကျင်းများကို နက်ရှိုင်းစွာဆန်းစစ်လေ့လာ ထည့်သွင်းခြင်းမရှိဘဲ အခြားနိုင်ငံများတွင် IFC လုပ်ဆောင်ခဲ့သော သင်ခန်းစာ နည်းလမ်းများ အတိုင်းမြန်မာနိုင်ငံတွင် ပုံတူပြုအကောင်အထည် ဖေါ်နိုင်ခြင်းမရှိနိုင်ပါ။ ထိုအရာများကို ဖြေရှင်းနိုင်မည့်တစ်ခုသော နည်းလမ်းမှာ **မြန်မာနိုင်ငံအတွင်း ရေရှည်တည်မြဲသော စီးပွားရေးဖွံ့ဖြိုးမှုအတွက် လိုအပ်သော စွမ်းအင်ကိုရရှိရန် ထိခိုက်မှုနည်းသော လူထုအခြေပြု ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်ကို ဦးတည်သည့်လမ်းကြောင်းကိုအားပေး လုပ်ဆောင်ရန်ဖြစ်သည်ဟု ထုတ်ပြန်အပ်ပါသည်။**


<u>ဆက်သွယ်မေးမြန်းရန်</u>

နန်းခမ်းနောင် ။ ။ + 95 (0) 9428 367 849, +95 (0) 979 1634 239

ဥတ္တရာအောင် ။ ။ + 95 (0) 252 17 18 19, +95 (0) 4929 8614

စောသာဘိုး ။ ။ + 95 (0)996 875 3490, +95 (0)978 263 9714

မိအားချိုင် ။ ။ + 95 (0) 9255784905